# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏
# သတင်းထုတ်ပြန်ချက် (၈ /၂၀၁၇ )

၁။ ၂၀၁၆-၁၇ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သည့် မန္တလေး ဗဟိုအကျဉ်းထောင်မှ ကျောင်းသားကျောင်းသူ၅ဦးနှင့် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ကျောင်းသား ၂ဦး တို့ကို ၂၀၁၇ခုနှစ်၊ ဩဂုတ်လ၇ရက်နေ့က နိုင်ငံတော်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေး လိုက်သည့်သတင်းအား မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က ဝမ်းမြောက်စွာဖြင့် ကြိုဆိုထောက်ခံပါသည်။

၂။ အလားတူအကြောင်းအမျိုးမျိုးကြောင့် အကျဉ်းထောင်များအတွင်းသို့ ပညာရေး တစ်ပိုင်းတစ်စဖြင့် ရောက်ရှိလာကြသော လူငယ်အကျဉ်းသား/အကျဉ်းသူများအနက် ပညာရေးကို ကြိုးပမ်းအားထုတ်ပြီးအောင်မြင်မှုရှိသည့် ကျောင်းသားကျောင်းသူများကို ၎င်းတို့၏စာရိတ္တပြုပြင်မှု အနေအထားကိုထောက်ရှု၍ နောင်တွင်လည်းနိုင်ငံတော်ကယခုကဲ့သို့ လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းအား ဖြင့်နိုင်ငံတော်အတွက်အကျိုးပြုနိုင်သည့် လူငယ်များအဖြစ်ရောက်ရှိစေနိုင်မည်ဟု ယုံကြည်ပါကြောင်းဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၇ခုနှစ်၊ဩဂုတ်လ၈ရက်